
**မြန်မာ့နိုင်ငံရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှု ရှိစေရန် နည်းလမ်း (၅) ခု**




မြန်မာ့နိုင်ငံရေးနှင့် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်မှုရှိစေနိုင်မည့် နည်းလမ်းများကို ရှာဖွေကြည့်ကြရအောင်ပါ။

၁။ အမျိုးသမီးများရဲ့ လိုအပ်ချက်တွေနဲ့ အရေးကြီးအကြောင်းအရာများကို ဖော်ထုတ်သိရှိနိုင်ရန် အမျိုးသမီးများနဲ့ တွေ့ဆုံဆွေးနွေးရေးစကားဝိုင်းများပြုလုပ်ခြင်းနဲ့ အမျိုးသမီးများပါဝင်သော လုပ်ငန်းစဥ်များမှတစ်ဆင့် အားလုံးပါဝင်မှုရှိသော နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်အား အားကောင်းစေခြင်း။ မူဝါဒချမှတ်ရေးတွေမှာ ဂျန်ဒါကို ထည့်သွင်းစဥ်းစားသော အားလုံးခြုံငုံပါဝင်သည့် အင်စတီကျူးရှင်းများ တည်ဆောက်ခြင်း။

၂။ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသမီးများ ပါဝင်နိုင်မှုသေချာစေရန် အထူးအခွင့်အရေးအစီအမံများဖြစ်သည့် ခွဲတမ်းသတ်မှတ်ချက်များ၊ အမျိုးသမီးများနဲ့ တိုင်ပင်ဆွေးနွေးရေးယန္တရားများကို ကျင့်သုံးခြင်းဖြင့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၃။ ကြားကာလအစိုးရအင်စတီကျူးရှင်းများအနေဖြင့် ဂျန်ဒါမူဝါဒများ သတ်မှတ်လိုက်နာမှုရှိစေရန် စွမ်းရည်တည်ဆောက်ပေးခြင်း၊ အမျိုးသမီးများရဲ့ လိုအပ်ချက်တွေကို ထည့်သွင်းစဉ်းစားမှုရှိသော ဦးစားပေးအကြောင်းအရာများပါဝင်သည့် မူဝါဒရေးဆွဲခြင်းနဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ ထိရောက်မှုရှိစွာ ပါဝင်စေခြင်း။

၄။ ရွေးကောက်ပွဲဥပဒေမူဘောင်ကို ပြန်လည်သုံးသပ်ခြင်း၊ ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းအပါအဝင် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲခြင်းအားဖြင့် အားလုံးပါဝင်မှုရှိသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို တိုးတက်အားကောင်းစေခြင်း။

၅။ အားလုံးပါဝင်ရေး မူဝါဒနဲ့ ကျင့်ထုံးများ လိုက်နာသေချာစေရန် ဂျန်ဒါသင်တန်းများပေးခြင်း၊ ဂျန်ဒါမူဝါဒများရေးဆွဲခြင်း၊ အမျိုးသမီးများ နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့် တိုးမြှင့်နိုင်စေမည့် နည်းလမ်းကိရိယာများ ကျင့်သုံးခြင်းဖြင့် ဒီမိုကရက်တစ်အင်စတီကျူးရှင်းများ၏ စွမ်းရည်ကို တိုးတက်အားကောင်းစေခြင်း။

ဒါကြောင့် မြန်မာ့နိုင်ငံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်တွေမှာ အမျိုးသမီးများ ပါဝင်နိုင်စေရန် အားလုံးပါဝင်နိုင်ပြီး တန်းတူညီမျှမှုရှိသော ဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ်များ ဦးစားပေးတည်ဆောက်ရန် လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အခါမှာ ဥပဒေများပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲများ ပြုပြင်ပြောင်းလဲခြင်း သာမက နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ အရပ်ဖက်အဖွဲ့အစည်းနှင့် နိုင်ငံသားများ ထိထိရောက်ရောက် ထိတွေ့ပါဝင်နိုင်ရန် စွမ်းရည်တည်ဆောက်ပေးခြင်း လိုအပ်ပါတယ်။ ဒါ့အပြင် အားလုံးပါဝင်မှုရှိပြီး မျှတသော မူဝါဒနှင့် ကျင့်ထုံးများသေချာစေရန် ဒီမိုကရက်တစ်အင်စတီကျူးရှင်းများကိုလည်း လိုအပ်သော စွမ်းရည်များ ဖြည့်တင်းပေးဖို့ လိုအပ်ပါတယ်။ ဒီဗျူဟာများကို အကောင်အထည်ဖော်ခြင်းဖြင့် အားလုံးပါဝင်မှုရှိပြီး တန်းတူညီမျှသော မြန်မာ့နိုင်ငံရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေလုပ်ငန်းစဉ်ဖြစ်ပေါ်စေရန် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။